

လမင်းမိုမို
ဒဏ်ရာရပန်းတစ်ပွင့်အကြောင်း...

## အခန်း(၁)

"ဂျိမ်း"

"ဟယ် . . . တိုက်ပြီ . . . သေပါပြီ"

သသက ပါးစပ်မှ လွှတ်ခနဲ ရေရွတ်လိုက်ရင်း အရှိန်နှင့်ရှေ့ငိုက်ကာ စတီယာရင်နှင့်ဆောင့် သွားတဲ့ ရင်ညွန့်လေးကို ဖိလိုက်ရပါသည်။ နာလိုက်တာ။ လူနာတာက အရေးမကြီး ကားနာတာက ပိုအရေးကြီးသည်။

ဒီနေ့ပဲထွက်လာ ဒီနေ့ပဲ ကားတိုက်မိဆိုရင် နဂိုကတည်းက ကားယူမသွားဖို့ အပြင်းအထန် ကန့်ကွက်နေသော မေမေ ပိုပြီး ပြောစရာရလိမ့်မည်။ သမီးဘက်က ရပ်တည်ကာ "ယူသွားပါစေကွ . . . ဘာဖြစ်လဲ" နှင့် တစ်တပ်တစ်အား ဝင်ပြောပေးထားတဲ့ ဖေဖေ့ကို အရင်ဆုံး မေမေ ပါးစပ်စက်သေနတ် ပစ်မည်ဖြစ်ကာ ဖေဖေ့ခမျာ သမီးစစ်ကူ မရှိတဲ့အတွက် စစ်မြေပြင်မှာ ရှုံးနိမ့်ကျဆုံး ရလိမ့်မည်။

သသက တိုက်မိတဲ့ကားကို လှမ်းကြည့်လိုက်သည်။

ဂျစ်စုတ် . . . ဂျစ်နာ။ မဆင်မခြင် လမ်းကွေ့ထဲက စွတ်ထွက်လာလိုက်တာ အဖြောင့်သွားနေ တဲ့ ကိုယ့်ကားကများ သူ့ကို ရပ်စောင့်ဦးစားပေးလိမ့်မည် ထင်နေလို့လား။ ကားပေါ်က လူကို လှမ်း ကြည့်လိုက်ရင်တော့ သသ မျက်နှာက ပိုပြီးစူပုပ်တင်းမာ သွားရပါသည်။

လူကြီးသူမ မဟုတ်ဘဲ ရွယ်တူတန်းတူ ယောကျ်ားလေး တစ်ယောက်ဖြစ်နေတဲ့အတွက် ပြောအားဆိုအား ရှိသွားနိုင်တာမို့ လူရော စိတ်ရော

မျက်နှာထားပါ မောင်းတင်ကာ ဝက်ဝွန် အာရ်ပလပ်စ် ကားလေးထဲမှ ဆင်း လိုက်ပါသည်။

"ဒုန်း"

"ဒုန်း"

အမယ် . . . အမယ်။ သူကလည်းပဲ သသ အတိုင်းပင် ကားပေါ်က ဆင်းပြီး တံခါးဆောင့်ပိတ် လိုက်ပုံက ခပ်ကြမ်းကြမ်း။ တံခါးပိတ်သံနှစ်ချက်က ရှေ့ ဆင့်နောက်ဆင့် ထွက်လာတာပင်။

သသက လက်ဦးမှု ရယူကာ . . .

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ၊ ဒီလိုပဲ ရမ်းသန်းပြီး စွတ်ထွက်ရသလား"

နေသာက ပိန်ရှည်လမျော ကလန်ကလား ကောင်မလေးကို တစ်ချက် ခပ် တည်တည် ကြည့် လိုက်ပါသည်။။ ကားပေါ်က ဆင်းလိုက်ကြတာ ဆင့်ကဲ ဆင့်ကဲ ဖြစ်ပေမဲ့ နေသာက ကားတံခါးကို ဆောင့်ပိတ်ဖို့ အစီအစဉ်မရှိ။ သူမက ဒုံးခနဲ ဆောင့်ပိတ်လိုက်တာမို့ ကိုယ်လည်း ယောင်ယောင် ကန်း ကန်းနှင့် သူမခြေရာနင်းပြီး ဒုံးခနဲ ပိတ်လိုက်မိတာ။

ကြိုတင် မရည်ရွယ်ပေမဲ့ ပိတ်လိုက်မိတာကိုတော့ ကိုယ့်ကိုယ်ကိုယ် မှန် တယ်လို့ပဲ ကျေနပ်ပါ သည်။ ဟုတ်တယ်လေ တစ်ဖက်ကမှ ပြေပြေလည် လည်မလာဘဲ။ ကိုယ်က ပြေလည်နေလည်း အလကားပဲ။ ကိုယ် အိညက် အိညက် လုပ်နေရင် ဒီကောင်မလေး ပုံစံက ပိုဖိဟောက်မဲ့ပုံ။

ဟော . . . ကဲ . . . ကြည့်လေ။ ချက်ချင်းပဲ ခပ်လှမ်းလှမ်းက လှမ်းအော် လိုက်သံက စွာပိုးထိုး နေသည်။ အဲလိုတော့ သူ စွာစိစိ ပြန်မပြောတတ်။ မ ပြောဘဲ နေပြန်ရင်လည်း ကိုယ် ခံရလိမ့်မည်။ ဘယ်လိုတင်စီးရင် ကောင်းမ လဲလို့ ကမန်းကတန်း စဉ်းစားအဖြေထုတ်ကာ နေသာက တယ်လီဖုန်း ကို

ဂျင်းဘောင်းဘီနောက်အိတ်မှ ကမန်းကတန်း ထုတ်ယူကာ နံပါတ်တစ်ခု ခေါ်လိုက်ပါသည်။

"ဟယ်လို"

"အေး . . . ဇေယျ"

"အေး . . . ပြော နေသာ၊ ဘာလဲ"

"အင်း . . . ဘာလဲ . . . ဆိုတော့ . . ."

"ဟော့ကောင် . . . တိုးတိုး တိုးတိုးနဲ့ ကျယ်ကျယ် ပြောစမ်းပါ၊ ဘာလဲ"

"ဘာမှတော့ မဟုတ်ဘူး"

"ဘာ"

"အေး . . . ဘာမှမဟုတ်ဘူးကွ"

"ဟော့ကောင် . . . ငါ အလုပ်ရှုပ်နေတယ်နော်၊ သက်သက် လှမ်းနှောင့်ယှက်နေတာလား"

"မဟုတ်ဘူးကွ၊ အမှန်တိုင်း ပြောရရင်တော့ ငါတစ်နေရာကို ဖုန်းခေါ်ဖို့ လိုအပ်လာလို့၊ နောက်ဆုံး ခေါ်ထားတဲ့ နံပါတ် ပြန်နှိပ်ခေါ်လိုက်တာပဲ"

"တစ်နေရာကို ဖုန်းခေါ်ဖို့ လိုအပ်တယ်ဆိုတာက ဘာလဲ"

"တစ်နေရာကို ခေါ်ရမှာမို့ပေါ့ကွာ"

"ဟ . . . အဲလိုမှ မရှိတာကွ၊ ငါ့ဆီဆို ငါ့ဆီ၊ ဝေလင်းဆီဆို ဝေလင်းဆီ အဲသလို ဖြစ်ရမယ် လေ၊ ဘယ်ဖြစ်ဖြစ် တစ်နေရာခေါ်ရင် ပြီးရောဆိုတာကို ငါကဘယ်လို နားလည်ရမလဲ"

"အေး . . . မင်း နားမလည်တဲ့ အတိုင်းလေးပဲ ခဏထားလိုက်"

"ဟော့ကောင် . . . ရူးနေတာလား၊ ငါရှုပ်နေတယ်နော်၊ ဒါပဲကွာ။ ဖုန်းချ

လိုက်တော့မယ်"

"ဟော့ကောင် . . . အရေးကြီးတာက မင်း ခုလောလောဆယ်တော့ ဖုန်းချလို့ မရသေးဘူး ဇေယျ"

"ဟော့ကောင်"

သသသည် မောင်းတင်ကာ လက်ဦးအောင် ရန်စွာပြီး ရှေ့တိုးလာခိုက် ဖုန်းထုတ်ဆက်လိုက် တဲ့ ထိုလူကြောင့် ရှေ့တိုးရမလို ရပ်နေရမလို ဖြစ်သွားပါသည်။ ရှေ့အရမ်းဆက်လျှောက် သွားပြန် လည်း သူ့နား သွားကပ်ရပ်နေရတော့မှာလေ။ ရုတ်တရက် အမ်းတမ်းတမ်း ကြောင်စီစီလေး ဖြစ်ကာ ကားနှစ်စင်း ဆောင့်မိထားတဲ့နေရာဆီပဲ ငုံ့ကာကိုင်းကာ အခြေအနေ ကြည့်လိုက်ရသည်။

အခြေအနေက ဘာမှရှုပ်ရှုပ်ထွေးထွေးမရှိ အကြာကြီး ရပ်ကြည့်နေဖို့လည်း မလို။ သူ့ဂျစ်ကား ထိပ်ဦးက ဘာမှသိသာအောင် မဖြစ်ကာ သသရဲ့ အာရ်ပလပ်စ်ကားလေးကတော့ ညာဘက်ခြမ်း ထိပ်ဦးနား အချိုင့်စင်းလေး ဖြစ်သွားပါသည်။ သသက ခါးမတ်လက်ပိုက်ပြီး ထိုလူကို စိုက်ကြည့် နေလိုက်သည်။ တိုးတိုး တိုးတိုးနှင့် ဘာတွေ ပြောနေပါလိမ့်။

ဟိုဘက်က ဖုန်းလာတာလည်း မဟုတ်။ သူကခေါ်တာ။ ကားတိုက်မှုကို တစ်နေရာကိုလှမ်း ပြီး အစီရင်ခံနေတာမျိုးနဲ့တောင် တူနေသည်။ သူ့ပုံစံက လိုရင်းတိုရှင်း ပြောနေပုံနှင့် မတူဘဲ အေးအေးလူလူ ပြောနေပုံမို့ ကြည့်နေရင်း သသက မျက်မှောင်ကုတ်လာပါသည်။ အရေးကြီးတာကို တော့ အရင် မဖြေရှင်းဘဲနဲ့။

"ဒီမှာ"

သသက စောင့်ကြည့်ရင်း စိတ်မရှည်တော့ကာ လည်ပင်းလေး ရှေ့ထုတ်

ပြီး ခပ်ဆတ်ဆတ် လှမ်းခေါ်လိုက်လျှင် နေသာက သသကို တစ်ချက်ကြည့်ပြီး လက်ဝါးဖြန့်ထောင်ပြကာ တစ်ဆက် တည်း နှုတ်ခမ်းရှေ့ လက်ညှိုးလေးတစ်ချောင်းကပ်၍ "ရှူး" ဆိုတဲ့ ပုံသဏ္ဌာန် လုပ်ပြလိုက်ပါသည်။

"ဟဲ ဟဲ . . . အဟင်း ဟင်း"

"ဟော့ကောင် . . . နေသာ၊ မင်း ဘာဖြစ်နေတာလဲ"

"ဒီမှာ ငါနည်းနည်း ရယ်ချင်လို့ပါကွာ၊ ပွင့်ပွင့်လင်းလင်းကလည်း ရယ်လို့မရ"

"မင်း ခု ဘယ်မှာလဲ"

"ရှစ်မိုင်နားမှာ"

"ဘာလုပ်နေတာလဲ၊ မင်း ဒီနေ့ အဆောင်ပြောင်းနေမှာဆို"

"အေး . . . ဟုတ်တယ်လေ၊ အဲဒီ သွားမလို့ဘဲ"

"ကားမောင်းနေတာလား"

"ကားရပ်ထားတာ၊ ကားတိုက်မိလို့ . . . အဟင်းဟင်း"

"ဘာ . . . ကားတိုက်မိလို့၊ ကားတိုက်မိတာကို တဟင်းဟင်း တဟဲဟဲနဲ့ မင်း ဘာဖြစ်နေတာ လဲ၊ ခေါင်းဆောင့်မိလို့လား"

"မဟုတ်ပါဘူးကွာ၊ ဟိုဘက်ကားက ကောင်မလေးတစ်ယောက် ဆင်းလာပြီး ငါ့ကို စွာစိလန် နေတာနဲ့ ငါလည်း ပြန်မပြောတတ်တဲ့တူတူ ဖုန်းထုတ်ပြီး ဆက်လိုက်တာ၊ ငါ့ကို သူ ရပ်စောင့်နေရ တာပေါ့၊ မျက်နှာကြီးကို ရဲတွတ်လို့ . . . ဟီး ဟီး"

"သြော် . . . ဒီလိုလား၊ သဘောပေါက်ပြီ သဘောပေါက်ပြီ၊ အဲဒါဆိုလည်း မင်း ပြောချင်တာ သာ ဆက်ပြောနေ၊ ငါဖုန်းမချဘူး၊ ဒါပေမဲ့ ဖုန်းကို ဘေးတော့ချထားမယ် သိလား၊ ငါအလုပ် တော်တော် ရှုပ်နေလို့"

"မင်းဘိုးအေ . . . ဘေးချထားတာကို ငါကအရူးလို တစ်ဖက်သတ် ပြောနေရမှာလားကွ"

"မင်း ဟိုကောင်မလေးကို ကသိကအောက် လုပ်ထားဖို့ သက်သက်ပဲ မဟုတ်လား၊ ပြောချင် ရာ အချိန်ဆွဲပြောနေပေ့ါ"

သသသည် ဘယ်လိုမှ သည်းညည်းမခံနိုင်တော့ကာ ပိုက်ထားတဲ့ လက်နှစ်ဖက်ကို ခါးကျဉ်း ကျဉ်းလေးပေါ် ဆတ်ခနဲ ပြောင်းကာ ထောက်လိုက်ရင်း . . .

"ဒီမှာ . . . ရှင် အခု ဖုန်းချမလား၊ မချဘူးလား"

"ဗျာ . . . ဘာလဲ၊ ဆောရီး . . . ကျွန်တော် မကြားလိုက်လို့ပါ"

"ရှင့်ဖုန်းကို အခုချပြီး ကားကိစ္စ အရင်ရှင်းဖို့ ပြောနေတာ"

"သြော် . . . ဟုတ်ကဲ့ . . . ဆောရီးဗျာ၊ အရေးကြီးတဲ့ဖုန်းကောလ်လေး လာလို့ပါ"

"ဘာမှမလာဘူး၊ ရှင်ခေါ်လိုက်တာ ကျွန်မ မြင်တယ်"

"ဟုတ်ပါတယ်၊ ကျွန်တော်က ခေါ်တယ်ဆိုပေမဲ့ ဟိုဘက်ကခေါ်တဲ့ဖုန်းက ရုတ်တရက် ကျသွားတာကို ပြန်ခေါ်ရတာကို ပြောတာပါ"

"ဘာမှ ဖုန်း ရုတ်တရက်ကျတာလည်း မဖြစ်နိုင်ဘူး၊ ရှင် လျှောက်လာရင်းနဲ့မှ ဒီဖုန်းကို ထုတ်ပြီးဆက်တာ မြင်တယ်၊ ရှင် ဘာအချိုးချိုးမှန်းလည်း သဘောပေါက်တယ်၊ ကဲ . . . သိပ်ပြီးတော့ အထာတွေ ပြမနေပါနဲ့၊ ရှင့်ဖုန်းကို ခုဖြတ်ပြီး ကျွန်မနဲ့ ကားကိစ္စပြောပါ"

"သြော် . . . အိုကေ . . . အိုကေပါ"

နေသာက ပြုံးစိစိ ဖြစ်ချင်တာကို အောင့်ပြီး တစ်ဖက်က ဇေယျအသံလည်း မကြားရတော့တဲ့ ဖုန်းကို ပိတ်လိုက်ပါသည်။

"ကဲ . . . ပြောပါ၊ ဘယ်လို လျော်မလဲ"

"ကျွန်တော် လျော်ရမယ်လို့ ဘယ်လို ဆုံးဖြတ်လဲ"

"ကျွန်မက အဖြောင့်မောင်းလာတာလေ၊ ရှင်က လမ်းထဲက ထွက်လာတာ"

"ခင်ဗျား အရှိန်က ပြင်းလွန်းတယ်၊ ကျွန်တော်က လမ်းပေါ် အတင်းတက်မှ မတက်သေး တာ၊ ထိပ်ရောက်လို့ ခေါင်းထိုးပြီး မေးတင်ထားရုံလေးပါ၊ ခင်ဗျား ကြည့်ရတာ ဘယ်မောင်းကားကို မကျွမ်းတာထင်တယ်၊ ညာဘက်နဲ့ လွတ်မလွတ် မဆုံးဖြတ်နိုင်လို့ မေးလေးတင်လိုက်တဲ့ ကျွန်တော့် ကားကို ဘယ်ဘက်ပါးကို ဖြတ်ဆောင့်မိတာ"

"ဒီမှာ ခေါင်းတွေ မေးတွေ ပါးတွေ နားမလည်ဘူး၊ ကျွန်မ အဖြောင့်လာတယ် အရှိန်ရှိတယ်၊ ရှင် လမ်းသွယ်က အတင်းထွက်လာတယ်၊ ရှင် စောင့်ရမှာ အတင်းထွက်လို့ တိုက်မိတာ"

"အတင်းကို မထွက်ဘူး၊ ဒီလောက်ပဲ မေးတင်ရပ်ဖို့ ရည်ရွယ်ပြီးသား၊ ခင်ဗျားကိုက အရှိန် များပြီး ညာဘက်လည်း အရမ်းကပ်ပြီး တိုက်မိတာ၊ ကျွန်တော့်ကားကို ကြည့်လေ၊ ရောက်နေတဲ့ နေရာ လမ်းမပေါ် ခေါင်း ရောက်တယ်ဆိုရုံလေးပါ၊ ခင်ဗျားကားကိုက ညာဘက် အရမ်းကပ်လာတာ ပလက်ဖောင်းနား ဘီးကပ်နေတာ တွေ့လား၊ ခင်ဗျား ဒီထက် ဘယ်ဘက်ကို ယူပြီး မောင်းရမှာဗျ၊ ဘယ်မောင်းမှာ ထိုင်ပြီး ခင်ဗျား ညာခြမ်းမကြည့်တတ်လို့ မထိသင့်ဘဲ ထိမိတာဗျ"

ဒီလူပြောတာ မှန်သင့်သလောက် မှန်သည်။ ဘယ်မောင်းဖြစ်တဲ့ ဒီအာရ်ပလပ်စ်လေးကို သသ တက်မောင်းတိုင်း အရင် ညာမောင်းကားပေါ် ထိုင်မောင်းသလိုပဲ ညာဘက် တိုးကပ်နေမိတာ အဟုတ်ပင်။ ဖေဖေတောင် အမြဲပဲ သတိပေးနေရတာ။

"အို ဘာပဲဖြစ်ဖြစ် ရှင် လျော်ရမယ်"

"ခင်ဗျာ . . . ဘာပဲဖြစ်ဖြစ် ကျွန်တော် လျော်ရမယ်ဆိုတာတော့ လက်ခံလို့ မရဘူး၊ ကျွန်တော် မှားမှ ကျွန်တော်လျော်ရမှာလေ"

"ဒီနား ရဲမရှိလို့၊ ရဲသာရှိရင် ခုလောက်ဆို ရှင့်လိုင်စင်သိမ်းပြီ၊ ယာဉ်ထိန်း ရဲရုံးကို ရောက်နေ ပြီ"

"ကျွန်တော် မမှားဘူး ထင်တယ်ဗျ"

"ကျွန်မက မမှားတာ၊ ရှင် မှားတယ်"

"ကျွန်တော် မမှားပါဘူး"

"ကဲ . . . ဒီတော့ ဘာလုပ်မှာလဲ၊ ဒီလို ငေ့နေလို့ ဘယ်ပြီးမလဲ"

"ဘယ်လိုလုပ်မလဲဆိုတော့ ဘယ်သူကမှ ကိုယ်မမှားဘူး ထင်နေတာဆို တော့ အသီးသီး ကိုယ် ထိတာ ကိုယ်တာဝန်ယူဖို့ပဲပေ့ါ"

"ဟယ် . . . ပြောတတ်တယ်၊ ရှင်က ဘာမှမှ မဖြစ်တာ၊ ရှင့်ကား ဘာမှမ ထိတော့ ရှင်က ဒီလို ပြောနိုင်တာပေ့ါ၊ ကျွန်မကားက ထိသွားတာလေ"

"ဘယ်သူမှ မမှားဘူးဆိုတာထက် မျှမျှတတ ပြောရရင် နှစ်ယောက်လုံး မှားတယ်လို့လည်း ပြောလို့ရတယ်ဗျ၊ ဒီတော့ ကိုယ့်ကားကိုယ် တာဝန်ယူ၊ ဒီ လိုမှ မဟုတ်ရင်တော့ ခင်ဗျား ပြောသလို ယာဉ်ထိန်းရဲ သွားခေါ်ပြီး အဆုံး ဖြတ်ခံလိုက်ကြတာပေ့ါ၊ အဲဒါ အကောင်းဆုံးပဲ"

"ဘာရှင့်"

"ကျွန်တော် ပြောတာ တရားပါတယ်၊ အဲဒါ အမျှတဆုံးပဲ"

"ပြဿနာ ရှည်တယ်ရှင့်၊ ထိတာကနည်းနည်း ပေရှည်သွားမှာက များ များ"

"ဟုတ်တယ်လေ၊ ခင်ဗျားကားလည်း ကျွန်တော့်ထက် ပိုထိတယ် ဆိုပေမဲ့

ခြစ်စင်းလေးက ဘာမှလည်း ဒီလောက်မကြီးကျယ်ပါဘူး၊ နည်းနည်းလေးပါ၊ ခင်ဗျားလည်း ကိုယ့်ကားကိုယ် လုပ်ရ မှာကို တွက်ကပ်နေရလောက်အောင် ငွေရေးကြေးရေး ခက်ခဲမှာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ဒီကပဲ ပြေအေးလမ်းခွဲလိုက်ရအောင်"

သသက အံလေးကြိတ်ပြီး ဒီလူကို စိုက်ကြည့်နေမိသည်။ ဒီဘာမဟုတ်တဲ့ ခြစ်စင်းလေးကို သသ ကိုယ်တိုင်ပြင်ရလည်း အရေးမကြီးသလို သူ ပြင်ပေးလိုက်လည်း သူ့အဖို့ ဝန်လေးစရာ မရှိနိုင် ပါ။ သူလည်း တွက်ကပ်နေတာ။ သသလည်း တွက်ကပ်နေတာပဲ ထားပါတော့။ ဘာပဲဖြစ်ဖြစ် ရဲရောက်လာ ယာဉ်ထိန်းရုံးရောက် စသဖြင့် သံသရာရှည်နေရမှာကို သသလည်း မဖြစ်စေလိုတာ အမှန်။

"ရှင် တာဝန်မယူဘူးပေ့ါ၊ ဟုတ်လား"

"ကိုယ့်တာဝန် ကိုယ်ယူလို့ ပြောတာပါဗျာ"

"ရတယ်လေ၊ ရှင်က ယောကျ်ားဖြစ်ပြီး ကိုယ့် တာဝန်မယူချင်လည်း ပြီးတာပါပဲ"

နေသာက ပြုံးသွားမိကာ . . .

"ခင်ဗျားစကားက တစ်မျိုးကြီး ဖြစ်နေတယ်ဗျ၊ ယောကျ်ားဖြစ်ပြီး ကိုယ့်တာဝန် မယူချင်ဘူး ဆိုတော့ . . ."

"ဘာရှင့်"

သသက မျက်နှာလေး နီမြန်းသွားရကာ မျက်စိမှိတ် အော်ဟစ်လိုက်လျှင် . . .

"ဟိုလေ . . . ဒီလိုပါ၊ ဒီကိစ္စက ယောကျ်ားရယ် မိန်းမရယ် ခွဲပြီး တာဝန်ယူရမဲ့ကိစ္စ မဟုတ် ဘူးလို့ ကျွန်တော်က ဆိုလိုတာပါ"

"ဘာမှ ဆိုလိုမနေနဲ့၊ ရှင်လို တွက်ကပ်တဲ့ ယောကျ်ားမျိုးနဲ့ ဆက်ပြောနေလည်း ကျောက်ခဲကို ဆီညှစ်သလို ဖြစ်ရုံပဲ၊ ဒါလေးလောက်ကို ကိုယ့်ဟာကိုယ် ပြင်ရလည်း ဘာမှမဖြစ်ဘူး ပြင်နိုင်တယ်"

"ဟုတ်တယ်လေဗျာ၊ အဲဒါကိုပဲ ပြောနေတာပါ"

"ရှင်နဲ့ စကားရပ်ပြောနေရတာက လက်ပေါက်ကပ်ပြီး အချိန်ပုပ်တယ်"

"ကောင်းပါပြီ"

"ဘာ . . . ကောင်းပါပြီလဲ၊ ရှင် ဖယ် . . . ရှေ့က"

"ကျွန်တော် ပိတ်မထားပါဘူး"

"တကယ်ပဲ . . . ခွစာ"

သသက နေသာ့နံဘေးက ကွေ့ဖြတ်ကာ ကားဆီပြန်သည်။ ဒေါ်လေးမောလေးနှင့် ကားပေါ် ပြန်ထိုင် တံခါးဆောင့်ပိတ်ကာ ဘက်ပြန်ဆုတ်ပြီး ဂျစ်ကားကို ကွေ့ရှောင် မောင်းထွက်လိုက်ပါသည်။ ပြုံးစိစိနဲ့ မုန်းစရာကောင်းလိုက်တဲ့ လူဆိုတာ။

***